# (၂၀၁၃-၂၀၁၅) ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း တုန့်ပြန်ပေးလျက်ရှိသော လူသားချင်းဆိုင်ရာစာနာထောက်ထားမှု ပူးပေါင်းလုပ်ငန်းစဉ် (နည်းဗျူဟာ) ထုတ်ပြန်ချက်

ဤစုပေါင်းရေးလုပ်ငန်းစဉ်နည်းဗျူဟာသည် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသတွင်း လူသားချင်းထောက်ထားကူညီမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော ဒေသခံလူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးစားမှု၏ ရလာဒ်တစ်ခုဖြစ်သည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း နယ်မြေလုံခြုံရေးအရ (IDP) များ၏ အရေးတကြီးလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှ အချိန်နှင့်တစ်ပြေးညီဖြစ်သော ထိရောက်ပြီး အရည်အသွေးပြည့်မီသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ သေချာစွာပေးနိုင်ရန် ရည်ရွယ်ထားသည့် နည်းဗျူဟာဖြစ်သည်။

လက်ရှိတွင် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများတွင် နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သည့်ပြည်သူများ (IDP) ၈၀,၀၀၀ နှင့် ၁၀၀,၀၀၀ ကြား ရှိနေပါသည်။

ကုလသမဂ္ဂနှင့်အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသော အဖွဲ့အစည်းများသည် (IDP) များကို အကူအညီပေးနိုင်ရန် အကန့်အသတ်များရှိနေပြီး လိုအပ်ချက် များပြည့်မီအောင် ပံ့ပိုးပေးရန် အခက်အခဲနှင့် ရင်ဆိုင်နေရပါသည်။ ဒေသခံအဖွဲ့အစည်းများအနေဖြင့် ဒေသအနှံ့ ပို၍ခက်ခဲသော ဒေသမကျန် (IDP) များကို လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးလျက်ရှိသည်။ ဤကဲ့သို့ လုပ်ဆောင်ရာတွင် (IDP) များအကျပ်အတည်းကာလအတွင်း ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် နည်းနာများနှင့် စွမ်းရည်မြှင့်တင်ပေးခြင်းများကိုလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ ဒေသခံ အဖွဲ့အစည်းများသည် နည်းဗျူဟာကျစွာ တုန့်ပြန်နိုင်ရေးထက် ဆက်သွယ်ဆက်ဆံရေးနှင့် စီမံကိန်း ဦးတည်လုပ်ငန်းစဉ်များအတွက် သီးသန့် အချိန်နှင့် လူအင်အားများစွာ ပေးနေရသည်။

လူသားချင်းထောက်ထားသော အကူအညီများပေးနေသော်လည်း အကူအညီပေးသူ အဖွဲ့အမျိုးမျိုးမှ ထောက်ပံ့မှုများသည် နိုင်ငံတကာ စံနှုန်းအရ အခြေခံစံနှုန်းပြည့်မီရန်ပင် ရန်းကန်နေရကြောင်း တင်ပြလိုသည်။ ကေအိုင်အိုထိန်းချုပ်သောဒေသနှင့် နယ်ခြားဒေသရှိစခန်းများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ရောက်ရှိမှု နည်းနေသဖြင့် ယင်းဒေသကို ဦးစားပေးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

လူသားချင်း စာနာထောက်ထားမှု အကူအညီများ တုန့်ပြန်ဆောင်ရွက်ပေးနေသော ဒေသခံအဖွဲ့အစည်းများ၏ ကဏ္ဍနှင့်လုပ်ဆောင်မှုများအား အသိအမှတ်ပြု၍ ပံ့ပိုးပေးရန် ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်းအားလုံးကို ကျွန်ုပ်တို့ မေတ္တာရပ်ခံပါသည်။ ထောက်ပံ့ကူညီပေးရေးလုပ်ငန်းများတွင် ဒေသခံအဖွဲ့အစည်းများမှ ဦးဆောင်ဦးရွက် ပြုလုပ်နေကြောင်း အသိအမှတ်ပြုရပါမည်။ ဤအဖွဲ့အစည်းများမှ မိမိတို့ကိုယ်တိုင် ပူးပေါင်းနည်းဗျူဟာများ ဖော်ထုတ်ပြီး ပူးပေါင်းလုပ်ငန်းအစီအစဉ်များ ဖော်ထုတ်လုပ်ဆောင်နေပါသည်။ ဤသို့သော ဒေသခံများ၏ ကိုယ်စွမ်းကိုယ်စဖြင့် အစပြုသည့် လုပ်ငန်းများအား အသိအမှတ်ပြုရန် ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်းအားလုံးကို တိုက်တွန်းပါသည်။ ဒေသခံ လူမှုရေးအဖွဲ့အစည်းများအား အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် စွမ်းရည်ဖွံ့ဖြိုးရေးအတွက် တိုး၍ထောက်ပံ့ရန် အလှူရှင်များနှင့် အပြည်ပြည်ဆိုင်ရာ လုပ်ဖော်ဆောင်ဖက်များအား ကျွန်ုပ်တို့ အလေးအနက် အကြံပြုလိုပါသည်။ နည်းဗျူဟာတကျ နိုင်ငံတကာ အဖွဲ့များမှ IDP များ ခံစားနေရသော ဒုက္ခများ လျော့ပါးသွားရန် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရာတွင် အစီအစဉ်များအား ဒေသခံ အဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲဖော်ထုတ်ကြရန် တိုက်တွန်းလိုပါသည်။

ဒေသခံအဖွဲ့အစည်းများမှ ရန်ပုံငွေများ လျှောက်ထားရာတွင် ကန့်သတ်သကဲ့သို့ဖြစ်နေသော မူဝါဒအဟန့်အတားများအား ဖယ်ရှားရန် အလှူရှင်များနှင့် အခြားသက်ဆိုင်ရာ ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်းအားလုံးအား မေတ္တာရပ်ခံပါသည်။ ဒေသခံအဖွဲ့အစည်းများ အား ရန်ပုံငွေ တိုက်ရိုက်ပံ့ပိုးခြင်းနှင့် ပံ့ပိုးမှုရရှိအောင် ဦးစားပေး လုပ်ဆောင်ပေးခြင်းကို လိုလားတောင်းဆိုပါသည်။ ကေအိုင်အေထိန်းချုပ်ဒေသ တွင်ရှိသော IDP များအတွက် ရန်ပုံငွေများ ပိုမိုလိုအပ်နေခြင်းနှင့် အလျင်အမြန် တုန့်ပြန်ရန် အရေးတကြီး လိုအပ်နေခြင်းကို အထူးတင်ပြလိုပါသည်။

အလှူငွေ ပံ့ပိုးကူညီရာတွင် တုန့်ပြန်မှုပေးနေသည့် အဖွဲ့အစည်းများသည် စီမံခန့်ခွဲမှု ကုန်ကျစရိတ် (Administration Cost) ပံ့ပိုးပေးရန် လိုအပ်ကြောင်းကို အသိအမှတ်ပြု လက်ခံရန် တိုက်တွန်းလိုပါသည်။

လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးရာတွင် ညှိနှိုင်းလုပ်ဆောင်ခြင်းသည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ကြောင်း အလေးအနက် ပြောလိုပါသည်။ လက်ရှိလုပ်ဆောင်နေဆဲလုပ်ငန်းများနှင့် အစီအစဉ်ချထားသည့် လုပ်ငန်းများတွင် ဟာကွက်များနှင့် လုပ်ငန်းထပ်နေခြင်းများ လျော့နည်းရန် ထိရောက်သော ညှိနှိုင်းမှု လိုအပ်သည်။ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလူသားချင်း စာနာထောက်ထားမှု အကူအညီပေးနေသော အဖွဲ့အစည်းများအား လက်ရှိရှိနေသော ညှိနှိုင်းရေးအဖွဲ့များနှင့် အထူးသဖြင့် ဒေသခံအဖွဲ့အစည်းများမှ စတင်၍ ဦးဆောင်ခဲ့သည့် ညှိနှိုင်းဆောင်ရွက်မှုများကို အသိအမှတ်ပြု၍ ပိုမိုခိုင်မာအောင် ပြုလုပ်ပေးရန် မေတ္တာရပ်ခံပါသည်။ ထို့အပြင် ညှိနှိုင်းဆောင်ရွက်ရေးတွင် ဆက်စပ်ပါဝင်သော အဖွဲ့အစည်းများအားလုံး အထူးသဖြင့် ဒေသခံ အဖွဲ့အစည်းများနှင့် ရပ်ကျေးအခြေပြုအဖွဲ့အစည်းများ (CBO) အားလုံး ပါဝင်နိုင်စေရန် သေချာစွာ စီစဉ်အားပေးရန် တိုက်တွန်းအပ်ပါသည်။

## Protection အကာအကွယ်ပေးခြင်း

(IDP) များသည် သာမန်အခြေအနေထက် ပိုမိုအားနည်းထိခိုက်လွယ်သည့် အနေအထားတွင်ရှိသည်။ လူကုန်ကူးခံရခြင်း အန္တရာယ်၏ သားကောင်ဖြစ်နိုင်သည်။ စခန်းတွင်နေထိုင်ရခြင်း၊ မိမိမူရင်းဌာနမှ ရွှေ့ပြောင်းနေရခြင်းကြောင့် အာဟာရပြည့်ဝသည့် အစားအစာနှင့် အသက်မွေးဝမ်းကြောင်းလုံခြုံမှုများ ကင်းမဲ့နေကြသည်။ အမျိုးသမီးနှင့်ကလေးများသည် အထူးသဖြင့် ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများ၏ သားကောင်လည်းဖြစ်နိုင်သည်။ ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်းအားလုံးမှ (IDP) များသည် စခန်းအတွင်းနှင့် ပတ်ဝန်းကျင်ဒေသများတွင် လုံခြုံစိတ်ချမှုများရှိရန် အကာအကွယ်ပေးရမည်။ (IDP) များကိုယ်တိုင်တက်ကြွစွာပါဝင်၍ သူတို့၏လိုအပ်ချက်များကို ဖော်ထုတ်ပြီး လူသားချင်း စာနာထောက်ထားကူညီသည့်သူများမှ သူတို့၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် တာဝန်ယူရမည်။

## IDP Participation

### နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူများ၏ ပါဝင်ခြင်း

အဖွဲ့အစည်းများအား IDP များ၏အသံအား သေချာစွာ နားထောင်ရန် မေတ္တာရပ်ခံပါသည်။ IDP များ၏ဘဝရေးရေးနှင့်ပတ်သက်သော ကိစ္စရပ်များအတွက် IDP များနှင့် အပြုသဘောဆောင်သော ညှိနှိုင်းတိုင်ပင်မှုများပြုလုပ်ရန် ဆက်နွယ်ပက်သက်သည့် အဖွဲ့အစည်းများအား တိုက်တွန်းပါသည်။ သူတို့၏ ဘဝတစ်သက်တာကို ရိုက်ခတ်မည့် လုပ်ငန်းများအား ဆောင်ရွက်ရာတွင် သူတို့ကိုယ်တိုင် ညှိနှိုင်းဆွေးနွေးမှု ဖြစ်စဉ်တစ်ဆင့်ချင်းစီတွင် ပါဝင်ရန် အရေးကြီးပါသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများအနေဖြင့် IDP များမှ သူတို့၏ ရပိုင်ခွင့်အခွင့်အရေးများ၊ လူမှုရေးအဖွဲ့အစည်းများ၏ ကဏ္ဍများနှင့် တာဝန်ဝတ္တရားများအား သေချာစွာ သိရှိရန် အသိပေးရမည်။

အကူအညီပေးနေသည့် အဖွဲ့အစည်းများ အားလုံးအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ကျင့်ဝတ်များ၊ စံချိန်စံနှုန်းများကို လေးစားလိုက်နာရန် တိုက်တွန်းပါသည်။

## Condition of Return and Resettlement

### နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားရေးအတွက် ကနဦး လိုအပ်သော အခြေအနေ

မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သော သဘောတူညီမှု ခုနှစ်ချက်အရ IDP များ နှင့် ဆက်စပ်၍ နိုင်ငံရေး နှင့် လူမှုရေး အခြေအနေ များ အပြောင်းအလဲ ရှိလာနိုင်သည်ကို သိမြင်မိပါသည်။ သို့ဖြစ်၍ သူတို့၏ အနာဂတ် နှင့် ပတ်သက်၍ IDP များသည် အဘက်ဘက်မှ တွန်းအား ဖိအားများ ရင်ဆိုင်လာရနိုင်ပါသည်။ အကယ်၍ နေရပ်ပြန်ခြင်းနှင့် ပြန်လည်နေရာချထားရေးအတွက် လုပ်ဆောင်ရန် အခွင့်အရေးပေးလာခဲ့လျှင် သက်ဆိုင်သော ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်းများမှ အောက်ပါ အချက်အလက်များကို လိုက်နာပါရန် ပန်ကြားလိုပါသည်။

| | |
|---|---|
| ၁။ | ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်း အားလုံးမှ IDP များ၏ လူ့ဂုဏ်သိက္ခာ နှင့် အခွင့်အရေးများအား အသိအမှတ်ပြု၍ လေးစားရမည်။ |
| ၂။ | အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ကျင့်ဝတ် နှင့် နည်းဥပဒေများ၊ IDP များ နှင့် သက်ဆိုင်သော (UNOCHA) မှ ထုတ်ဖော်ထားသော လမ်းညွှန်မှုများကို အသိအမှတ်ပြု လေးစားလိုက်နာရန် တိုက်တွန်းပါသည်။ |
| ၃။ | IDP များ နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားရေးများ မစတင်မီ၊ IDP များအား အကာ အကွယ်ပေးရေးနှင့် လုံခြုံရေးအား အာမခံရမည်။ |
| ၄။ | IDP များ၏ အခြေခံလိုက်အပ်ချက်ကို ဖြည့်ဆည်းပေးသော လူမှုဖူလုံရေး လုပ်ငန်းစဉ်များအား နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း မစတင်မီ ပြုလုပ်ပေး ရမည်။ |
| ၅။ | နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း နှင့် ဆိုင်သော အသိအမြင်ဖွင့်ခြင်း နှင့် ပညာ ပေးခြင်းအား အချိန်ယူ၍ ကြိုတင်ပြုလုပ်ထားပေးထားရမည်။ |
| ၆။ | နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း ဖြစ်စဉ်မှာ နိုင်ငံရေး ဆွေးနွေးမှု မူဘောင်၏ လိုအပ်ချက်အရ အချိန်ကာလ ကန့်သတ်ဖိအားပေးခြင်း မဖြစ်စေရ။ |

၇။ နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း ဖြစ်စဉ်၏ တစိတ်တပိုင်း အဖြစ်၊ လွတ်လပ်၍ အသိအမှတ်ပြု ခံရသည့် သူများ/အဖွဲ့အစည်းများ မှ ဓမ္မဓိဋ္ဌာန်ကျသော ဘက်မလိုက်သော ကြီးကြပ်ခြင်းကို ပြုလုပ်ရမည်။ သို့မှသာ အထက်ဖော်ပြပါ လိုက်နာသင့်သော အချက်များနှင့် ကိုက်ညီမှု ရှိစေရန် ကြပ်မတ် နိုင်မည်ဖြစ်သည်။

## Condition of Return and Resettlement

### နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားရေးအတွက် ကနဦး လိုအပ်သော အခြေအနေ

မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သော သဘောတူညီမှု ခုနှစ်ချက်အရ IDP များ နှင့် ဆက်စပ်၍ နိုင်ငံရေး နှင့် လူမှုရေး အခြေအနေ များ အပြောင်းအလဲ ရှိလာနိုင်သည်ကို သိမြင်မိပါသည်။ သို့ဖြစ်၍ သူတို့၏ အနာဂတ် နှင့် ပတ်သက်၍ IDP များသည် အဘက်ဘက်မှ တွန်းအား ဖိအားများ ရင်ဆိုင်လာရနိုင်ပါသည်။ အကယ်၍ နေရပ်ပြန်ခြင်းနှင့် ပြန်လည်နေရာချထားရေးအတွက် လုပ်ဆောင်ရန် အခွင့်အရေးပေးလာခဲ့လျှင် သက်ဆိုင်သော ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်းများမှ အောက်ပါ အချက်အလက်များကို လိုက်နာပါရန် ပန်ကြားလိုပါသည်။

၁။ ဆက်နွယ်ပတ်သက်သည့် အဖွဲ့အစည်း အားလုံးမှ IDP များ၏ လူ့ဂုဏ်သိက္ခာ နှင့် အခွင့်အရေးများအား အသိအမှတ်ပြု၍ လေးစားရမည်။

၂။ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ကျင့်ဝတ် နှင့် နည်းဥပဒေ များ၊ IDP များ နှင့် သက်ဆိုင်သော (UNOCHA) မှ ထုတ်ဖော်ထားသော လမ်းညွှန်မှုများကို အသိအမှတ်ပြု လေးစားလိုက်နာရန် တိုက်တွန်းပါသည်။

၃။ IDP များ နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားရေးများ မစတင်မီ၊ IDP များအား အကာ အကွယ်ပေးရေးနှင့် လုံခြုံရေးအား အာမခံရမည်။

၄။ IDP များ၏ အခြေခံလိုက်အပ်ချက်ကို ဖြည့်ဆည်းပေးသော လူမှုဖူလုံရေး လုပ်ငန်းစဉ်များအား နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း မစတင်မီ ပြုလုပ်ပေး ရမည်။

၅။ နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း နှင့် ဆိုင်သော အသိအမြင်ဖွင့်ခြင်း နှင့် ပညာ ပေးခြင်းအား အချိန်ယူ၍ ကြိုတင်ပြုလုပ်ထားပေးထားရမည်။

၆။ နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း ဖြစ်စဉ်မှာ နိုင်ငံရေး ဆွေးနွေးမှု မူဘောင်၏ လိုအပ်ချက်အရ အချိန်ကာလ ကန့်သတ်ဖိအားပေးခြင်း မဖြစ်စေရ။

၇။ နေရပ်ပြန်ခြင်း နှင့် ပြန်လည်နေရာချထားခြင်း ဖြစ်စဉ်၏ တစိတ်တပိုင်း အဖြစ်၊ လွတ်လပ်၍ အသိအမှတ်ပြု ခံရသည့် သူများ/အဖွဲ့အစည်းများ မှ ဓမ္မဓိဋ္ဌာန်ကျသော ဘက်မလိုက်သော ကြီးကြပ်ခြင်းကို ပြုလုပ်ရမည်။ သို့မှသာ အထက်ဖော်ပြပါ လိုက်နာသင့်သော အချက်များနှင့် ကိုက်ညီမှု ရှိစေရန် ကြပ်မတ် နိုင်မည်ဖြစ်သည်။